BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR

# Bi-Weekly News Review

Issue 136, 3 -16 January 2024



# ၁၀၂၇ စစ်ဆင်ရေးနှင့်

# အပစ်ရပ်ခြင်း၊ မရပ်ခြင်း ဝိရောဓိ

# ၁၀၂၇ စစ်ဆင်ရေးနှင့် အပစ်ရပ်ခြင်း၊ မရပ်ခြင်း ဝိရောဓိ

## နိဒါန်း

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် စတင်ခဲ့သည့် "၁၀၂၇ စစ်ဆင်ရေး" သည် ဟိုင်ဂင်သဘောတူညီချက် နှင့်အတူ အမှန်တကယ်ရပ်တန့်သွားခဲ့ပြီလားဟု အမေးရှိလာခဲ့ပါမူ "နိုး" ဟုသာ တလုံးတည်း ဖြေဆိုရမည်ဖြစ်သည်။ အကြောင်းမူ "၁၀၂၇ စစ်ဆင်ရေး" ၏ စစ်ရေး၊ နိုင်ငံရေးရည်မှန်းချက်များသည် ရာနှုန်းပြည့်ပြီးမြောက်သွားပြီဟု မဆိုနိုင်သကဲ့သို့ ဆိုခဲ့ပါသဘောတူညီချက်ရရှိပြီးနောက်ပိုင်း တွေ့ရှိရသော ပဋိပက္ခတိုက်ပွဲများက သက်သေပြနေပါသည်။

BNI-Myanmar Peace Monitor ၏ နှစ်ပတ်တကြိမ်ထုတ်ဝေသော သတင်းသုံးသပ်ချက်တွင် ၁၀၂၇ စစ်ဆင်ရေးနှင့်အတူ တွေ့ရှိရသော အကြောင်းအချက်၊ ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေပြုကာ အပစ်ရပ်ခြင်း၊ မရပ်ခြင်း ဝိရောဓိကို ချဉ်းကပ်တင်ပြသွားပါမည်။

## ဟိုင်ဂင် သဘောတူညီချက်များ

တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုကြောင့် ညီနောင်မဟာမိတ်(၃)ဖွဲ့နှင့် အာဏာသိမ်းစစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC)တို့သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်၊ ၁၁ ရက်နေ့များတွင် တတိယအကြိမ်တွေ့ဆုံမှုအဖြစ် ဆွေးနွေးခဲ့ကြသည်။ တရုတ်နိုင်ငံ ကူမင်းမြို့ရှိ ဟိုင်ဂင်ဟိုတယ်တွင် ဆွေးနွေးခဲ့ခြင်းကြောင့် ရလဒ်များအား ဟိုင်ဂင်သဘောတူညီချက်များဟု ညွှန်းဆိုထုတ်ပြန်ခဲ့သည်။



၂၀၂၄ ခုနှစ် ဇန်နဝါရီ (၁၂)ရက် ည ၉ နာရီခွဲတွင် ထုတ်ပြန်သော ညီနောင်မဟာမိတ် (၃) ဖွဲ့၏ "Haigeng Agreement" ဟိုင်ဂင်သဘောတူညီမှု ဆွေးနွေးပွဲ၏ နောက်ဆက်တွဲရလဒ်"[1] ကြေညာချက်ကို လေ့လာကြည့်ပါက သဘောတူညီချက် (၇) ချက်ရှိပြီး တစ်ဖွဲ့ချင်းစီမှ လိုက်နာရမည့်အချက် (၂)ချက်၊ ဆွေးနွေးဖက် နှစ်ဘက်စလုံးမှ လိုက်နာရမည့်အချက် (၃) ချက်နှင့် နောက်ဆက်တွဲသဘောတူညီချက် (၂)ချက်ဟု ခွဲခြမ်းနိုင်ပါသည်။

တစ်ဖွဲ့ချင်းစီမှ လိုက်နာရမည့်အချက် (၂)ချက်တွင် "ညီနောင်မဟာမိတ် (၃) ဖွဲ့မှ ရှမ်းမြောက်ရှိ စစ်ကောင်စီ၏ စခန်းများ၊ ဗျူဟာကုန်းများအား ထိုးစစ်ဆင်တိုက်ခိုက်မှုများကို စတင်မပြုလုပ်ရန် သဘောတူခဲ့ပြီး စစ်ကောင်စီဘက်မှလည်း ရှမ်းမြောက်ဒေသရှိ မိမိတို့၏ ထိန်းချုပ်၊ သိမ်းပိုက်ထားသောနေရာများအားလုံးသို့ လေကြောင်း၊ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုမလုပ်ရန် သဘောတူခဲ့ကြသည်" ဟု ဖော်ပြထားသည်။

ဆွေးနွေးဖက် နှစ်ဘက်စလုံးမှ လိုက်နာရမည့်အချက် (၃) ချက်တွင်မူ"(၁)၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်၊ ညနေ (၉) နာရီခန့်မှစတင်၍ နှစ်ဘက်တပ်များ ချက်ချင်းအပစ်ရပ်စဲရေး၊ (၂) နှစ်ဘက်တပ်ဖွဲ့ဝင်အချင်းချင်းကြားတွင် ပစ်ခတ်တိုက်ခိုက်မှုနှင့် ထိတွေ့မှုမရှိစေရေး၊ (၃) အကယ်၍ အငြင်းပွားဖွယ်ရာများနှင့် လိုလားချက်များ (ပစ်ခတ်မှုများ) ဖြစ်ပေါ်လာခဲ့ပါက တွေ့ဆုံဆွေးနွေးမှုလမ်းစဉ်ဖြင့်ဖြေရှင်းရေး" ဟူ၍ သဘောတူညီခဲ့ကြသည် ဟု ဆိုပါသည်။

ကိုးကန့်တပ်မတော်(MNDAA)၊ တအာင်းတပ်မတော် (TNLA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့ပါဝင်သော ညီနောင်မဟာမိတ် (၃)ဖွဲ့နှင့် အာဏာသိမ်းစစ်ကောင်စီတို့အနေဖြင့် တရုတ်-

1 Haigeng Agreement" ဟိုင်ဂင်သဘောတူညီမှု ဆွေးနွေးပွဲ၏ နောက်ဆက်တွဲရလဒ်
https://t.me/threebrotherhoodalliance/780

မြန်မာနယ်စပ်ဒေသရှိ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံအတွင်းရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုံခြုံရေးအား မထိခိုက်စေရန်၊ မဖျက်ဆီးကြရန်နှင့် နှစ်ဦးနှစ်ဖက်စလုံးမှ ချက်ချင်းအပစ်ရပ်စဲရေးဆိုင်ရာအစီအမံနှင့် အခြားကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားရန်ဟူသောသဘောတူညီချက် (၂) ချက်ကိုမူ နောက်ဆက်တွဲသဘောတူညီချက်များအဖြစ် မှတ်ယူနိုင်ရမည်ဖြစ်သည်။

ဆိုရသော် ဟိုင်ဂင်သဘောတူညီချက်များသည် ရှမ်းမြောက်ဒေသရှိ အရပ်သားပြည်သူများ၏ လုံခြုံရေးနှင့် အသက်ရှင်သန်ရေးအတွက် ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ တရုတ်အစိုးရ၏ စိုးရိမ်ပူပန်မှုကိုသာ ပေါ်လွင်ထင်ရှားနေသည်ဟု ရှုမြင်ရပါသည်။

## ၁၀၂၇ စစ်ဆင်ရေး၏ ဦးတည်ရာ

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်နိုင်ရေး၊ မိမိကိုယ်မိမိ ခုခံကာကွယ်နိုင်ရေး၊ မိမိတို့ဒေသကို  ယခုထက်ပိုမိုထိန်းချုပ်နိုင်ရေး၊ မိမိတို့အဖွဲ့အစည်းများအပေါ် စစ်ကောင်စီမှ လေကြောင်း၊ လက်နက်ကြီးများဖြင့် နေ့၊ ည အချိန်မရွေး ပစ်ခတ်တိုက်ခိုက်မှုများအပေါ် ဟန့်တားမှုရရှိနိုင်ရေး၊ မြန်မာပြည်သူတရပ်လုံး၏ လိုလားချက်ဖြစ်သော စစ်အာဏာရှင်စနစ်အမြစ်ပြတ်ရေး၊ လက်ရှိ တရုတ်-မြန်မာ နယ်စပ်အပါအဝင် မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်လာသည့် အွန်လိုင်းလောင်းကစားလိမ်လည်မှုပပျောက်ရေး၊ Online Game (ကျဖျင်) ကုမ္ပဏီများနှင့် အဆိုပါလုပ်ငန်းများကို လုပ်ကိုင်နေကြသော စစ်ကောင်စီနှင့် ပြည်သူ့စစ်အဖွဲ့များကို နှိမ်နှင်းနိုင် ရေး စသည့်ရည်ရွယ်ချက်များသည် “၁၀၂၇ စစ်ဆင်ရေး” ၏ ဦးတည်ချက်များဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တရုတ်-မြန်မာနယ်စပ်ဒေသများမှ စစ်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေးအရ အရေးပါသော မြို့ပေါင်း (၁၇) မြို့ကို “၁၀၂၇ စစ်ဆင်ရေး”အတွင်း တော်လှန်ရေးအင်အားစုများဘက်မှ အပြီးသတ်သိမ်းပိုက်နိုင်ခဲ့သည်။ [2] စစ်ဆင်ရေးကာလအတွင်း ရာနှင့်ချီသော စစ်ကောင်စီတပ်စခန်းများ၊ ရဲစခန်းများကို ညီနောင် မဟာမိတ် (၃)ဖွဲ့က သိမ်းပိုက်နိုင်ခဲ့သကဲ့သို့ သံချပ်ကာကားများ၊ လေယာဉ်ပစ်လက်နက်များအပါအဝင် မြောက်များစွာသော စစ်လက်နက်ပစ္စည်းမျိုးစုံကိုလည်း စစ်ကောင်စီတပ်များထံမှ သိမ်းဆည်းရမိခဲ့သည်။ ရာနှင့်ချီသော စစ်ကောင်စီတပ်သားများသည် ညီနောင်မဟာမိတ်(၃)ဖွဲ့ထံ အစုလိုက်အပြုံလိုက်လက်နက်ချအညံ့ခံခဲ့ကြသည်။ ထိုအနက် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ လောက်ကိုင်မြို့အခြေစိုက် စစ်ကောင်စီလက်အောက်ခံ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ဒကစ) တခုလုံး လက်နက်ချအညံ့ခံမှုသည် အာဏာသိမ်းစစ်အုပ်စု၏ အကြီးမားဆုံးသော ကျရှုံးမှုကို ထင်ရှားစေခဲ့ပါသည်။ ထိုနေ့က ကိုးကန့်တပ်မတော်(MNDAA) ထံ လက်နက်ချအညံ့ခံခဲ့ကြသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များထဲ

2 တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၃၃ မြို့ https://bit.ly/3S36EWj



တွင် ဗိုလ်မှူးချုပ်အဆင့်ရှိသူ (၆) ဦး၊ အရာရှိအဆင့် ၂၂၈ ဦး၊ ရဲဘော် အဆင့် ၁၈၉၅ ဦးအထိ ရှိခဲ့ပါသည်။ [3]

၁၀၂၇ စစ်ဆင်ရေးသည် ညီနောင်မဟာမိတ် (၃) ဖွဲ့၏ စစ်ဆင်ရေးဖြစ်သည့်တိုင် နွေဦးတော်လှန်ရေးကာလတွင်မှ ပေါ်ပေါက်လာခဲ့ကြသည့် ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)၊ ပြည်သူ့လွတ်မြောက်ရေးတပ်တော် (PLA)၊ ဗမာအမျိုးသားတော်လှန်ရေးတပ်မတော် (BNR A)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ မန္တလေး - ပြည်သူ့ကာကွယ်ရေး တပ်မတော် (MDY-PDF) စသည့် ခုခံတော်လှန်ရေးအင်အားစုများမှ တပ်ဖွဲ့ဝင်များလည်း ပူးပေါင်းပါဝင်နေပါသည်။ ထို့ပြင် အခြားသော နွေဦးတော်လှန်ရေးအင်အားစုအသီးသီး၏ ထောက်ခံကြိုဆိုမှု၊ အားပေးမှုတို့ကိုလည်း ထုနှင့်ထည်နှင့်ရရှိ ခဲ့သည်ကို တွေ့ရသည်။

ညီနောင်မဟာမိတ်(၃)ဖွဲ့ကိုယ်တိုင်လည်း ၎င်းတို့၏ "၁၀၂၇ စစ်ဆင်ရေး” မှ စတင်ခဲ့ သောတိုက်ပွဲများသည် “တစ်နိုင်ငံလုံးမှ ပြည်သူလူထုတစ်ရပ်လုံးပါဝင်သော စစ်ဆင်ရေး-Nationwide Operation”သို့ ကူးပြောင်းနိုင်မှသာ စစ်ဆင်ရေးအထမြောက်နိုင်မည်ဟု ဆိုထားပြီး ၁၀၂၇ စစ်ဆင်ရေးသည် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သော စစ်ဆင်ရေးဖြစ်သည်ကို သတိမူကာ စစ်ဆင်ရေးထဲတွင် ပုံစံတမျိုးမျိုးပါဝင်ကြရန် စစ်ဆင်ရေး (၁၉)ရက် မြောက်နေ့တွင် ထုတ်ပြန်တိုက်တွန်းခဲ့သည်။

“မြန်မာပြည်သူတရပ်လုံး၏ လိုလားချက်ဖြစ်သော စစ်အာဏာရှင်စနစ်အမြစ်ပြတ်ရေး” ဟူသည် ၁၀၂၇ စစ် ဆင်ရေး၏ ရည်ရွယ်ချက်များထဲမှတခုဖြစ်ပြီး စစ်ဆင်ရေး၏ အပြန့်အကျယ်ကို မြင်သာစေသကဲ့သို့ ရှမ်းမြောက်ဒေသတခုတည်းတွင် ကန့်သတ်လှုပ်ရှားသည့်

3 လောက်ကိုင်မြို့အား သိမ်းပိုက်လိုက်ပြီဟု MNDAA ကြေညာ https://bit.ly/3S758CE

စစ်ဆင်ရေးမျိုးမဟုတ်ဟု ဆိုနိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုကြောင့် ထွက်ပေါ်လာသော ဟိုင်ဂင်သဘောတူညီချက်များသည် ၁၀၂၇ စစ် ဆင်ရေး၏ အရွေ့အဟုန်ကို ရာနှုန်းပြည့်ရပ်တန့်နိုင်မည်မဟုတ်ကြောင်း ရှုမြင်ရပါသည်။

## အပစ်ရပ်ခြင်း၊ မရပ်ခြင်း ဝိရောဓိ

ဟိုင်ဂင်သဘောတူညီချက်အရ ယာယီအပစ်ရပ်ခဲ့ပြီးနောက်တစ်ရက်ဖြစ်သော ဇန်နဝါရီ ၁၂ ရက်တွင်ပင် ရှမ်းမြောက်ဒေသရှိ လားရှိုးမြို့နယ် မခီနရွာ၊ ကုန်ပေါင်ရွာနှင့် အီနိုင်းရွာ၊ ကျောက်မဲမြို့နယ် ပါးပုတ်ရွာ၊ သီပေါမြို့နယ် မန်ဟယ်ရွာ၊ မိုးကုတ်မြို့နယ် အထက်ညောင်ကုန်းရွာ စသည့်ကျေးရွာများအား စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တအာင်းတပ်မတော်(TNLA)က ထုတ်ပြန်သည်။ [4]

အာဏာသိမ်းစစ်ကောင်စီအနေဖြင့် ဇန်နဝါရီ ၁၃ ရက်မှစပြီး ညီနောင်မဟာမိတ်(၃)ဖွဲ့အပေါ် ထိုးစစ်ဆင်တိုက်ခိုက်မှုများပြုလုပ်လာခြင်းကြောင်း တိုက်ပွဲများဆက်ရှိနေသကဲ့သို့ စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုအပါအဝင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်မြင်တွေ့နေရဆဲဖြစ်ကြောင်း ဇန်နဝါရီ ၁၆ ရက်တွင် ညီနောင်မဟာမိတ် (၃)ဖွဲ့က ထုတ်ပြန်ပါသည်။ ဇန်နဝါရီ ၁၆ ရက်၊ ညနေ ၄ နာရီအချိန်တွင် MNDAA အခြေချတပ်စွဲရာ ကိုးကန့်ဒေသ ကချင်တောင်ဘက်၏ မီတာ (၃၀)အကွာအဝေးအတွင်း စစ်ကောင်စီတပ်များ ဝင်ရောက်ကာ လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် နှစ်ဖက်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု ဆိုပါသည်။ [5]

ဆိုရသော် ဟိုင်ဂင်သဘောတူညီချက်များဖြင့် ရှမ်းမြောက်ဒေသအတွင်း ယာယီအပစ်ရပ်ခြင်းကို ၁၀၂၇ စစ်ဆင်ရေး၏ အရှိန်အဟုန်နှင့် ဆန့်ထွက်ဖြန့်ကျက်လာမှုကို ဟန့်တားနိုင်မလားဆိုသည်က သံသယများစွာ ရှိနေပါသည်။ ၁၀၂၇ စစ်ဆင်ရေး၏ ရည်ရွယ်ချက်များ မည်မျှပြီးမြောက်ခဲ့ပြီလဲ၊ အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ၎င်းတို့၏ နယ်မြေလက်လွှတ်ဆုံးရှုံးရမှုများကို ရိုးဖြောင့်စွာ လက်ခံနိုင်ပါ့မလားဆိုသည့် မေးခွန်းနှစ်ခုသည် ဟိုင်ဂင်သဘောတူညီချက်များဖြင့် အပစ်ရပ်ခြင်း၊ မရပ်ခြင်းဝိရောဓိကို ဖြေပေးနိုင်ပေလိမ့်မည်။ သို့သော် စခန်းသိမ်း၊ မြို့သိမ်းတိုက်ပွဲများနှင့် အားကောင်းနေသည့် ၁၀၂၇ စစ်ဆင်ရေး၏အရှိန်အဟုန်ကိုတော့ ဟိုင်ဂင်သဘောတူညီချက်များက ယာယီအားဖြင့် ရပ်တန့်ပစ်လိုက်နိုင်သည်ဟု ဆိုနိုင်ပါသည်။

ထို့ပြင် အာဏာသိမ်းစစ်အုပ်စုနှင့် မြောက်ပိုင်းဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအပေါ် တရုတ်အစိုးရ၏ လွှမ်းမိုးနိုင်မှုကိုလည်း ဟိုင်ဂင်သဘောတူညီချက်များက မြင်သာစေခဲ့ပါသည်။ "တရုတ်-မြန်မာနယ်စပ်ဒေသရှိ တရုတ်နိုင်ငံသားများ

---

4 အပစ်ရပ်သဘောတူပြီးနောက် စစ်ကောင်စီက လက်နက်ကြီးဖြင့် တိုက်ခိုက်ဟု TNLA ထုတ်ပြန် https://bit.ly/4b1BGGI

5 အပစ်ရပ်ထားတဲ့ ကိုးကန့်ဒေသမှာ တိုက်ပွဲပြန်ဖြစ် https://bit.ly/48IyTRd

နှင့် မြန်မာနိုင်ငံအတွင်းရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုံခြုံရေးအား မထိခိုက်စေရန်နှင့် မဖျက်ဆီးကြရန်”ဟူသော သဘောတူညီချက်သည် ရှမ်းမြောက်ဒေသ ယာယီအပစ်ရပ်ခြင်း၊ မရပ်ခြင်းထက်ပင် တရုတ်အစိုးရအတွက် ပိုမိုအရေးပါနေနိုင်သည်မဟုတ်ပါလား။

## သုံးသပ်တင်ပြချက်

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် စတင်ခဲ့သည့် ၁၀၂၇ စစ်ဆင်ရေးသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက် ဟိုင်ဂင်သဘောတူညီချက်များ ရရှိသည်အချိန်အထိ ရက်ပေါင်း (၇၇) ရက်အတွင်း ညီနောင်မဟာမိတ် (၃)ဖွဲ့ ဘက်မှ အသာစီးရရှိပြီး အာဏာသိမ်းစစ်အုပ်စု ဘက်တွင်တော့ ဆုံးရှုံးမှုကြီးမားခဲ့သည်ဟု သုံးသပ်နိုင်ပါသည်။

အကြောင်းမူ ညီနောင်မဟာမိတ်(၃)ဖွဲ့အနေဖြင့် စစ်ဆင်ရေးအတွင်း ၎င်းတို့သိမ်းပိုက် ထိန်းချုပ်ထားသော နယ်မြေများတွင် အုပ်ချုပ်ရေးယန္တရားများ စနစ်တကျဖော်ဆောင်နိုင်ရန် အခွင့်အလမ်းရရှိလာမည်ဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုအတွက်မူ မြို့ပေါင်း (၁၇) မြို့ လက်လွှတ်ဆုံးရှုံးထားရသည့် ရှမ်းမြောက်ဒေသအတွင်းမှ ညီနောင်မဟာမိတ် (၃)ဖွဲ့၏ စစ်ရေး အရှိန်အဟုန်ကိုသာ ယာယီဟန့်တားနိုင်ခဲ့ခြင်းဖြစ်ပြီး အခြားသော တော်လှန်ရေးအင်အားစု များ၏ နိုင်ငံတဝှမ်းလုံးမှ ခုခံတော်လှန်စစ်အရှိန်အဟုန်အတွက် အာမခံချက်မရှိပေ။ ထို့အပြင် ၁၀၂၇ စစ်ဆင်ရေး၏ အကျိုးဆက်အဖြစ် မည်သည့်ဘက်မှမလိုက်ဟု ကြေညာထားသည့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) အား ဟိုပန်နှင့် ပန်လုံမြို့နှစ်မြို့ လွှဲအပ်ပေးလိုက် ရသည်မဟုတ်ပါလား။






ပလက်ဝဒေသအခြေစိုက် စစ်ကောင်စီတပ်၏ ရှေ့တန်းတပ်မဌာနချုပ်ဖြစ်သော ခလရ (၂၈၉)၊ စကခ (၁၉) တို့အား ရက္ခိုင့်တပ်တော်မှ အပြီးသတ် သိမ်းပိုက်ပြီး မြင်ကွင်း

> ရက္ခိုင့်တပ်တော်နှင့် အာဏာသိမ်းစစ်အုပ်စုအကြား ယာယီအပစ်ရပ်ရေးအတွက် ကြားဝင်စေ့စပ်သူအဖြစ် တရုတ်အစိုးရ ရပ်လုံးထွက်ပြ လာနိုင်သလားဆိုသည်က

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းချိန်မှစပြီး ပြည်တွင်းရေး ဝင်မစွက်ဟု ဆိုကာ နိုင်ငံတကာဇာတ်ခုံတွင် အာဏာသိမ်းစစ်အုပ်စုဘက်မှ ရပ်တည်ပေးခဲ့သော တရုတ်အစိုးရသည်လည်း ၁၀၂၇ စစ်ဆင်ရေး အရှိန်အဟုန်ကြောင့်ပင် ဟိုင်ဂင်သဘောတူညီချက်များ ရသည်အထိ ကြားဝင်စေ့စပ်သူအဖြစ် ရပ်လုံးထွက်ပြခဲ့ရပါသည်။ ထိုလုပ်ဆောင်ချက်သည်ပင် အာဏာသိမ်းစစ်အုပ်စုနှင့် တော်လှန်ရေးအင်အားစုများအကြား တရုတ်အစိုးရ၏ လွှမ်းမိုးမှု၊ ဩဇာညောင်းမှုကို ပေါ်လွင်စေခဲ့သည်။

သို့သော် ၁၀၂၇ စစ်ဆင်ရေးသည် ရှမ်းမြောက်ဒေသမှသည် မြန်မာနိုင်ငံတဝှမ်းလုံးသို့ ဆန့်ထုတ်ဖြန့်ထွက်လာခဲ့ပြီဖြစ်သည်။ ညီနောင်မဟာမိတ် (၃) ဖွဲ့အနက် ရက္ခိုင့်တပ်တော်(AA) သည် ရခိုင်ဒေသတခွင်တွင် အာဏာသိမ်းစစ်ကောင်စီတပ်များ ကင်းစင်ရေးအတွက် အရှိန်အဟုန်မြှင့်ထိုးစစ်ဆင်လျက်ရှိသည်။ ချင်းပြည်နယ် ပလက်ဝမြို့ကိုပင် အပြီးသတ်သိမ်းပိုက်ထိန်းချုပ်ထားနိုင်ပြီဟုဆိုပါသည်။ ကျောက်ဖြူစီမံကိန်းကဲ့သို့သော ကြီးမားသည့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများရှိရာ ရခိုင်ဒေသတွင် ရက္ခိုင့်တပ်တော်နှင့် အာဏာသိမ်းစစ်အုပ်စုအကြား ယာယီအပစ်ရပ်ရေးအတွက် ကြားဝင်စေ့စပ်သူအဖြစ် တရုတ်အစိုးရ ရပ်လုံးထွက်ပြလာနိုင်သလားဆိုသည်က စောင့်ကြည့်ရမည်ဖြစ်သည်။

မည်သို့ဆိုစေ "၁၀၂၇ စစ်ဆင်ရေး" မှ စတင်ခဲ့သော တိုက်ပွဲများသည် "တစ်နိုင်ငံလုံးမှ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်သော စစ်ဆင်ရေး-Nationwide Operation"သို့ ကူးပြောင်းနိုင်မှသာ စစ်ဆင်ရေး အထမြောက်နိုင်မည်ဟု ညီနောင်မဟာမိတ်(၃)ဖွဲ့က ကြေညာထားသည့်အတွက် ဟိုင်ဂင်သဘောတူညီချက်များဖြင့် ရှမ်းမြောက်ဒေသ ယာယီအပစ်ရပ်ခြင်းသည် ကြာရှည်ခံလိမ့်မည်မဟုတ်ပေ။ အလားတူ အာဏာသိမ်းစစ်အုပ်စုအနေဖြင့်လည်း ၎င်းတို့လက်

လွတ်ဆုံးရှုံးခဲ့ရသည့် နယ်မြေများ၊ တပ်စခန်းများပြန်လည်ရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် လှုပ်ရှားနေဦးမည်ဖြစ်သည်။

ဟိုင်ဂင်သဘောတူညီချက်များနှင့် ရှမ်းမြောက်ဒေသ ယာယီအပစ်ရပ်ခြင်းသည် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးသို့ ဦးတည်လျှောက်လှမ်းလျက်ရှိသော နွေဦးတော်လှန်ရေးအပေါ် ကြီးမားသည့်သက်ရောက်မှုမျိုး မမြင်တွေ့ရသေးသည့်တိုင် မြန်မာ့နိုင်ငံရေး၊ စစ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အတုံ့အလှည့်၊ အရွေ့အပြောင်းများတွင် ၎င်းတို့၏ သြဇာညောင်းမှု၊ လွှမ်းမိုးနိုင်မှုတို့ကို ရုပ်လုံးထွက်ပြလာသည့် တရုတ်အစိုးရ၏ လှုပ်ရှားဆောင်ရွက်ချက်များကိုမူ သတိကြီးစွာဖြင့် စောင့်ကြည့်ရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။



# Bi-Weekly Highlight Quote



"ကျွန်မတို့တွေဟာ တော်လှန်ရေးအပေါ် ယုံကြည်တယ်၊ အာဏာရှင်ကို ရွံမုန်းတယ်၊ အာဏာရှင်ကို အမြစ်ဖြတ်တိုက်ဖို့ သန္နိဋ္ဌာန်ချထားသူတွေ ဖြစ်တယ်။ ဒီသူတွေရဲ့ ပြောဆိုမှုတွေဟာ ဘယ်အဖွဲ့အစည်းကိုတော့ နှောင့်ယှက်လိုလို့ ဆိုတာမျိုးကတော့ အတော်လွဲမှားတဲ့ မှတ်ချက်တွေ ဖြစ်ပါတယ်။ တော်လှန်ရေးအတွင်း ရှိသမျှ အနာအဆာတွေဟာ ဒီအချိန်တွင်းမှာပဲ တခါတည်း ဖြေရှင်းဖောက်ထုတ်ပစ်ဖို့ လိုပါတယ်။ ဒါတွေကို လုပ်တာကိုက ကျွန်မတို့ မျှော်မှန်းလျှောက်လှမ်းနေတဲ့ အနာဂတ်အတွက် ဖြစ်ပါတယ်"

မခရစ္စတင်း

တော်လှန်လူငယ်မျိုးဆက်တွေ့ဆုံဆွေးနွေးပွဲ ပြောရေးဆိုခွင့်ရှိသူ

*(BNI-MPM Website တွင် ဖော်ပြထားသည့် "တော်လှန်လူငယ်မျိုးဆက်တွေ့ဆုံဆွေးနွေးပွဲ အကြောင်းအရာများနှင့်ပတ်သတ်ပြီး ထိုတွေ့ဆုံပွဲ ပြောရေးဆိုခွင့်ရှိသူ မခရစ္စတင်းနှင့် ဆက်သွယ်မေးမြန်းချက်" မှ ကောက်နုတ်ထားခြင်း ဖြစ်သည်။)*

# တော်လှန်ရေးအင်အားစုများမှ
# သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၃၄ မြို့

### ရွှေပြည်အေး
နိုဝင်ဘာလ ၂၁ ရက်နေ့ကစပြီး ဟုမ္မလင်းမြို့နယ်၊ ရွှေပြည်အေးမြို့ကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တွေ ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့ပြီး စစ်ကောင်စီတပ်သား ၈ ယောက် ကိုလည်း ဖမ်းမိခဲ့သည်။

### ခါမ်းပါတ်
နိုဝင်ဘာလ ၄ ရက်နေ့ကစပြီး တမူးမြို့နယ်၊ ခါမ်းပါတ်မြို့ရှိ စစ်ကောင်စီတပ်နှင့် မြို့မရဲစခန်းတို့ကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များမှ ထိုးစစ်ဆင် တိုက် ခိုက်ခဲ့ရာ နိုဝင်ဘာလ ၇ ရက်နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

### မော်လူးမြို့
အင်းတော်မြို့နယ်၊ မော်လူးမြို့ကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ကျောင်းသားတပ် (ABSDF) နှင့် အင်းတော်ပြည်သူ့ကာကွယ်ရေးတပ် ပူးပေါင်းတပ်ဖွဲ့များက ဒီဇင်ဘာ လ ၁၃ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက် ထားနိုင်ကြောင်း သိရသည်။

### ကောလင်း
နိုဝင်ဘာလ ၃ ရက်နေ့ကစပြီး ကောလင်းမြို့နယ်၊ ကောလင်းမြို့ရှိ စစ်ကောင်စီတပ်နှင့် မြို့မရဲစခန်းတို့ကို ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ပူးပေါင်းတပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၆ ရက်နေ့တွင် မြို့အား သိမ်းပိုက် နိုင်ခဲ့သည်။

### ရိခေါဒါရ်
နိုဝင်ဘာလ ၁၃ ရက်နေ့က အိန္ဒိယ - မြန်မာနယ်စပ် အမှတ် ၂ ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ရိခေါဒါရ်မြို့အခြေစိုက် စစ်ကောင်စီ တပ်စခန်း (၂) ခုကို CNF/CNA၊ CDF – Zanniatram ၊ PDA – Tedim ၊ CDF – Thantlang နှင့် ဒေသအခြေစိုက် CDF – Hualn-goram တို့က တိုက်ခိုက်သိမ်းပိုက်ပြီး မြို့အား ထိန်းချုပ် နိုင်ခဲ့သည်။

### ဝေဘူလ
နိုဝင်ဘာလ ၃၀ ရက်နေ့က ဖလမ်းမြို့နယ်၊ ဝေဘူလမြို့ကို ချင်းဒေသ ကာကွယ်ရေးတပ်များက အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက်ထားနိုင် ကြောင်း သိရသည်။

### နာရိန်
နိုဝင်ဘာလ ၃၀ ရက်နေ့က ထန်တလန်မြို့နယ်၊ နာရိန်မြို့ ကို ချင်းဒေသကာကွယ်ရေးတပ်များက အောင်မြင်စွာ ထိန်း ချုပ်သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### ဆူရ်ခွာ
နိုဝင်ဘာလ ၃၀ ရက်နေ့က ဟားခါးမြို့နယ်၊ ဆူရ်ခွာမြို့ကို ချင်းဒေသကာကွယ်ရေးတပ်များက အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### မကြီးအိမ်နှုး
နိုဝင်ဘာလ ၃၀ ရက်နေ့က မင်းတပ်မြို့နယ်၊ မကြီးအိမ်နှုးကို ချင်းဒေသကာကွယ်ရေးတပ်များက အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထား နိုင်ကြောင်း သိရသည်။

### လိုင်လင်းပီ
နိုဝင်ဘာလ ၂၀ ရက်နေ့ကစပြီး မတူပီမြို့နယ်၊ လိုင်လင်းပီမြို့ရှိ စစ်ကောင်စီအထိုင် စခန်းများ ကို ချင်းကာကွယ်ရေး ပူးပေါင်း တပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၂၄ ရက် နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။


### ရေဇွာ
နိုဝင်ဘာလ ၂၆ ရက်နေ့က စတင်ပြီး ZZLMSစစ်ဆင်ရေး အမည်ဖြင့် ချင်းပြည်နယ်၊ ဇိုတုန် ဒေသက ရေဇွာမြို့ကို ချင်းအမျိုးသား တပ်မတော် (CNA) နှင့် ချင်းဒေသ ကာကွယ်ရေး ပူးပေါင်းတပ်များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မြို့ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

### ပလက်ဝမြို့
၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့က စတင်ပြီး ပလက်ဝမြို့ကို ရက္ခိုင့်တပ်တော် (AA)က တိုက်ခိုက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### နမ္မတူမြို့
ဒီဇင်ဘာလ ၂၅ ရက်နေ့က နမ္မတူမြို့ကို တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) က စတင်တိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထား နိုင်ကြောင်း သိရသည်။

### မိုင်းလုံမြို့
ဒီဇင်ဘာလ ၅ ရက်နေ့က ကျောက်မဲမြို့နယ်၊ မိုင်းလုံမြို့ကို တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)ပူးပေါင်းတပ်က အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက် ထားနိုင်ကြောင်း သိရသည်။

### မိုင်းငေါ့မြို့
ဒီဇင်ဘာလ ၂၉ ရက်နေ့က စတင်ပြီး ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့ကို တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ပူးပေါင်းတပ်က စတင်တိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် မြို့ကို အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက် ထားနိုင်ကြောင်းသိရသည်။




### အင်ဂျန်းယန်
နိုဝင်ဘာလ ၂၀ ရက်နေ့က အင်ဂျန်းယန်မြို့နယ်၊ အင်ဂျန်းယန်မြို့အတွင်းမှ စစ်ကောင်စီတပ်စခန်း နှစ်ခု နှင့် ရဲစခန်းမှာတာဝန်ထမ်းဆောင်နေသူအားလုံး တပ်စခန်းများကနေအသီးသီးထွက်ခွာသွားကြသည်။

### ချင်းရွှေဟော်၊ဖောင်းဆိုင်၊ကြူကုတ်(ပန်ဆိုင်း)၊ သိန္နီ
အောက်တိုဘာလ ၂၇ ရက်နေ့မှစပြီး Operation 1027 (၁၀၂၇ စစ်ဆင်ရေး) ကို ညီနောင်မဟာမိတ် (၃)ဖွဲ့ဖြစ်သော ကိုးကန့်တပ်မတော် (MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရက္ခိုင့်တပ်တော် (AA) တို့က ပူးပေါင်း ဆင်နွှဲခဲ့ပြီး နိုဝင်ဘာလ ၂ ရက်နေ့တွင် ချင်းရွှေဟော်၊ ဖောင်းဆိုင်၊ ကြူကုတ် (ပန်ဆိုင်း) အပါအဝင် သိန္နီမြို့တို့ကို အလုံးစုံထိန်းချုပ်နိုင်ခဲ့သည်။

### ကုန်းကြမ်း
နိုဝင်ဘာလ ၂၈ ရက်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း တရုတ်နယ်စပ် ကုန်းကြမ်းမြို့ အခြေစိုက်အမှတ် ၁၂၅ ခြေလျင်တပ်ရင်း တစ်ရင်းလုံး အလံဖြူပြ၍ လက်နက်ချခဲ့သောကြောင့် ကိုးကန့်တပ်မတော် (MNDAA)က ကုန်းကြမ်းမြို့ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

### နမ့်ခမ်းမြို့
အောက်တိုဘာလ ၂၇ ရက်နေ့က စတင်ပြီး နမ့်ခမ်းမြို့ကို တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ပူးပေါင်းတပ်က စတင်တိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက် ထားနိုင်ကြောင်း သိရသည်။

### လောက်ကိုင်မြို့
ဇန်နဝါရီလ ၄ ရက်နေ့က လောက်ကိုင်မြို့ကို ကိုးကန့်တပ်မတော် (MNDAA) က အောင်မြင်စွာထိန်းချုပ် သိမ်းပိုက်ထား နိုင်ကြောင်း သိရသည်။

### မုံးကိုး
နိုဝင်ဘာလ ၅ ရက်နေ့က စစ်တပ်၏ အရေးပါသည့် မုံးကိုးဗျူဟာကုန်းကို ကိုးကန့်တပ်မတော် (MNDAA) နှင့် ရက္ခိုင့်တပ်တော် (AA) တို့က ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီး မူဆယ်မြို့နယ်၊ မုံးကိုးမြို့ ကို နိုဝင်ဘာလ ၇ ရက်နေ့တွင် အလုံးစုံ ထိန်းချုပ်နိုင်ခဲ့သည်။

### မိုးဗြဲမြို့
နိုဝင်ဘာလ ၁၁ ရက်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့ကို ကရင်နီ အမျိုးသားများကာကွယ်ရေးတပ် (KNDF) က စတင် တိုက်ခိုက်ခဲ့ပြီး နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက် ထားနိုင်ကြောင်း သိရသည်။

### နန်းမယ်ခုံမြို့
နိုဝင်ဘာလ ၁၁ ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံမြို့ကို ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF) က စတင်တိုက်ခိုက်ခဲ့ပြီး နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက်ထားနိုင်ကြောင်း သိရ သည်။

### မယ်စဲ
ဇွန်လ ၁၃ ရက်နေ့ကစပြီး မယ်စဲမြို့နယ်ရှိ စစ်ကောင်စီ၏ တပ်စခန်းအားလုံးကို ကရင်နီတပ် ပေါင်းစုဖြစ်သည့် ကရင်နီ တပ်မတော် (KA)၊ ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF)၊ KNPLF, KNU/KNLA တို့ ပါဝင်သည့် 4K အဖွဲ့နှင့် PDF များ ပူးပေါင်း တိုက်ခိုက် သိမ်းယူခဲ့ပြီး ဇွန်လ ၂၄ ရက်နေ့တွင် မယ်စဲမြို့ကို သိမ်းနိုင်ခဲ့ကြောင်း သိရသည်။

### မုန်း
ဒီဇင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျောက်ကြီးမြို့နယ်၊ မုန်းမြို့ရှိ စစ်ကောင်စီတပ်စခန်းများကို ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် တော်လှန်ရေးပူးပေါင်းတပ်များက တိုက်ခိုက် ခဲ့ရာ ဒီဇင်ဘာ ၄ ရက်နေ့တွင် မုန်းမြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

### ကွမ်းလုံ
နိုဝင်ဘာလ ၁ ရက်နေ့က စတင်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွမ်းလုံမြို့စစ်ဆင်ရေးကို စတင်ခဲ့ပြီး စစ်ကောင်စီတပ်စခန်းများနှင့် အုပ်ချုပ်ရေးဌာနများကို ကိုးကန့်တပ်မတော် (MNDAA) က ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီး နိုဝင်ဘာလ ၁၂ ရက်နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

### နမ့်ဆန်မြို့
ဒီဇင်ဘာလ ၁၅ ရက်နေ့က နမ့်ဆန်မြို့ကို တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) ပူးပေါင်း တပ်က အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### မန်တုံမြို့
ဒီဇင်ဘာလ ၂၂ ရက်နေ့က မန်တုံမြို့ကို တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ပူးပေါင်းတပ်က အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### ကွတ်ခိုင်မြို့
ဇန်နဝါရီလ ၇ ရက်နေ့က ကွတ်ခိုင်မြို့ကို ညီနောင်မဟာမိတ်(၃)ဖွဲ့ ဖြစ်သော ကိုးကန့် တပ်မတော်(MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် ရက္ခိုင့်တပ်တော် (AA) တို့က အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထား နိုင်ကြောင်း သိရသည်။


### ဟိုပန်၊ ပန်လုံမြို့
ဇန်နဝါရီလ ၅ ရက်နေ့က ဟိုပန်နှင့် ပန်လုံမြို့များကို ညီနောင်မဟာမိတ်(၃)ဖွဲ့ဖြစ်သော ကိုးကန့် တပ်မတော် (MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ရက္ခိုင့် တပ်တော် (AA)တို့က ဝင်ရောက်သိမ်းပိုက်ခဲ့ပြီးနောက် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဝပြည်သူ့အစိုးရလက်ထဲသို့ လွှဲပြောင်းအပ် ခဲ့သည်။

BURMA NEWS INTERNATIONAL | MYANMAR PEACE MONITOR | BNI-Myanmar Peace Monitor | mmpeacemonitor.org | https://t.me/bni_mmpeacemonitor

Source: BNI-MPM Data (19 Jan 2024)

# နှစ်ပတ်အတွင်းတိုက်ပွဲဖြစ်ပွားမှုအခြေအနေ

(၃ - ၁၆ ဇန်နဝါရီ၊ ၂၀၂၄)





BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၃ ရက် မှ ၁၆ ရက် အထိ နှစ်ပတ်တာအတွင်း အာဏာသိမ်း စစ်ကောင်စီ တပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ ကာကွယ် ရေးတပ်ဖွဲ့ (PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန် ရေး အဖွဲ့အစည်း (ERO) များအကြား **တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း ၆၂ ခု** ရှိခဲ့ပါ သည်။ တိုင်းနှင့်ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက **ရှမ်းပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှု ၂၁ ခု** အထိ ရှိပြီး တိုက်ပွဲဖြစ်ပွားမှု အများဆုံး ဒေသ အဖြစ် တွေ့ရှိရသည်။

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ စစ်အာဏာသိမ်း ကာလအတွင်း မြန်မာနိုင်ငံတဝှမ်းလုံးတွင် **တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း ၃,၉၀၈ ခု** အထိ ရှိခဲ့ပါသည်။

(မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေ များကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ် အလိုက် တစ်ရက်ကို ဖြစ်စဉ်တစ်ခု အဖြစ်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေ အားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။)

တိုက်ပွဲဖြစ်ပွားမှု အခြေအနေ ၀–၀ ၁–၃ ၄–၇






Source : BNI - MPM Dataset

# နှစ်ပတ်အတွင်း စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှုအခြေအနေ


(၃ - ၁၆ ဇန်နဝါရီ၊ ၂၀၂၄)



စစ်ကောင်စီတပ်သားသေဆုံးမှု **၁၈၄**

ပြည်သူ့ကာကွယ်ရေးတပ်သားသေဆုံးမှု **၂၁**

အရပ်သားသေဆုံးမှု **၁၁၃**




BNI - Myanmar Peace Monitor ၏မှတ်တမ်းအရ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၃ ရက်မှ ၁၆ ရက်ထိ နှစ်ပတ်တာအတွင်း **စစ်ကောင်စီတပ်သား ၁၈၄ ဦး** သေဆုံးခဲ့ပြီး **ပြည်သူ့ကာကွယ်ရေးတပ်သား ၂၁ ဦး** သေဆုံးခဲ့ပါသည်။ စစ်ကောင်စီတပ်၏လက်နက်ကြီးပစ်ခတ်မှုကြောင့် ပဲခူး၊ ချင်း၊ ကချင်၊ ကယား၊ မန္တလေး၊ မွန်၊ ရခိုင်၊ စစ်ကိုင်း၊ ရှမ်းနှင့် တနင်္သာရီ စသည့် တိုင်းနှင့်ပြည်နယ်အသီးသီးမှ **အရပ်သားပြည်သူ ၁၀၂ ဦး** သေဆုံးခဲ့ပြီး အာဆာ (ARSA) အဖွဲ့၏ပစ်ခတ်မှုကြောင့် ရခိုင်ပြည်နယ်မှ **အရပ်သားပြည်သူ ၃ ဦး** သေဆုံးခဲ့သည်။

ထို့အပြင် အမည်မသိလက်နက်ကိုင်တစ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် စစ်ကိုင်း၊ ကချင် နှင့် မွန် စသည့် တိုင်းနှင့်ပြည်နယ်အသီးသီးမှ **အရပ်သားပြည်သူ ၅ ဦး** သေဆုံးခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်၏ပစ်ခတ်မှုကြောင့် ဧရာဝတီနှင့် မကွေးတိုင်းများမှ စစ်ကောင်စီလက်အောက်ခံ **မြို့နယ်အုပ်ချုပ်ရေးမှူး ၃ ဦး** သေဆုံးခဲ့သည်။

BURMA NEWS INTERNATIONAL | MYANMAR PEACE MONITOR

BNI-Myanmar Peace Monitor | mmpeacemonitor.org | https://t.me/bni_mmpeacemonitor

Source : BNI - MPM Dataset

# နှစ်ပတ်အတွင်း စစ်ဘေးရှောင် အရေအတွက် ၇၁၀၈၂

၃ - ၁၆ ဇန်နဝါရီ၊ ၂၀၂၄




BNI - Myanmar Peace Monitor ၏မှတ်တမ်းအရ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၃ ရက်မှ ၁၆ ရက်အထိ နှစ်ပတ်တာအတွင်း နှစ်ဖက်တိုက်ပွဲဖြစ်ပွားမှု၊ စစ်ကောင်စီတပ်၏လက်နက်ကြီးဖြင့်ပစ်ခတ်မှု၊ အရပ်သားနေအိမ်များကိုမီးရှို့ဖျက်ဆီးမှုများကြောင့် **စစ်ကိုင်း၊ ကချင်၊ တနင်္သာရီ၊ ချင်း၊ ရခိုင်၊ ပဲခူး၊ မန္တလေး၊ မွန်နှင့် ရှမ်း** စသည့်တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဒေသခံပြည်သူ **၇၁,၀၈၂ ဦးခန့်** ဘေးလွတ်ရာထွက်ပြေး တိမ်းရှောင်နေရသည်။

BNI - Myanmar Peace Monitor ၏မှတ်တမ်းအရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့အထိ စစ်အာဏာသိမ်းကာလအတွင်း စစ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ဘေးရှောင်ပြည်သူပေါင်း **၂,၆၂၅,၂၉၉ ဦးခန့်** အထိရှိလာသည်ကို တွေ့ရပါသည်။

BURMA NEWS INTERNATIONAL


MYANMAR PEACE MONITOR

BNI-Myanmar Peace Monitor

mmpeacemonitor.org

https://t.me/bni_mmpeacemonitor

Source : BNI - MPM Dataset



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ဒီမိုကရေစီနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဖော်ဆောင်ရန် ကြိုးစားနေသည့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ကြောင်း ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့တွင် အမေရိကန်ပြည်ထောင်စုကိုယ်စား ထုတ်ပြန်ထားသည်။ ထို့အပြင် စစ်တပ်၏ အကြမ်းဖက်လုပ်ရပ်များသည် လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုရရှိရေးအတွက် လျှောက်လှမ်းနေသည့် ပြည်သူများကို ရပ်တန့်မသွားစေနိုင်ကြောင်းနှင့် စစ်အာဏာရှင်အဖွဲ့ အစည်းအနေဖြင့် အကြမ်းဖက်မှုများ အဆုံးသတ်ပြီး ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုပေးခွင့်ပြုရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောထားပါသည်။[1]

တရုတ်နိုင်ငံ ယူနန်ပြည်နယ် နန်ဆန်မြို့တွင် မြန်မာဘက်မှ အမြောက်ကျည်ဆန်ကျရောက်ပေါက်ကွဲပြီး လူ ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်မီဒီယာများက ဖော်ပြထားပြီး မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် တိုက်ပွဲများကြောင့် တရုတ်နိုင်ငံသားများအား ထိခိုက်မှုများလာသည်ကို ကျေနပ်မှုမရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Wang Wenbin က ပြောဆိုထားသည်။ ထို့အပြင် နိုင်ငံသားများကို ကာကွယ်ရန် လိုအပ်သည့် အစီအမံများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား အပစ်အခတ်ရပ်စဲရန်လည်း ထပ်မံတောင်းဆိုထားသည်။ [2]

1 https://www.rfa.org/burmese/program_2/malaysia-myanmar-arrest-01142024111804.html
2 https://burma.irrawaddy.com/news/2024/01/04/378025.html

မြန်မာနိုင်ငံက သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၂၃ ခုနှစ် တစ်နှစ်အတွင်း အွန်လိုင်းငွေလိမ်ဂိုဏ်းများတွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ ၄၁,၀၀၀ ကို တရုတ်နိုင်ငံက လွှဲပြောင်းလက်ခံခဲ့ကြောင်း တရုတ်အစိုးရပိုင် CCTV ရုပ်သံသတင်းက ဇန်နဝါရီ ၅ ရက်တွင် ဖော်ပြထားသည်။ စစ်ကောင်စီနှင့် အမျိုးသားညီညွတ်ရေးအစိုးရ နှစ်ဘက်လုံးမှ မြန်မာနိုင်ငံထဲတွင်ရှိနေသည့် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်သွားမည်ဖြစ်ပြီး တရုတ်ငွေလိမ်ဂိုဏ်းနှိမ်နင်းရေးတွင်လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောဆိုထားသည်။[3]

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ထောက်ခံကြောင်းနှင့် မြန်မာနိုင်ငံမှာရှိသည့် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးမည့်အကြောင်း ကြေညာချက်တစ်စောင်ကို ဇန်နဝါရီ ၁ ရက်နေ့က ထုတ်ပြန်ထားပြီး ထိုကြေညာချက်ထုတ်ပြန်ထားခြင်းသည် စစ်အာဏာရှင် တော်လှန်ရေးအတွက် အထောက်အပံ့ဖြစ်အောင် တရုတ်နှင့် နီးကပ်သည့် ဆက်ဆံရေး တည်ဆောက်သွားရန်အတွက်ဖြစ်သည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်က ပြောခဲ့သည်။ ထိုကြေညာချက်သည် NUG ၏ မူဝါဒပြောင်းလဲသွားခြင်းမဟုတ်ဘဲ ရှိပြီးသား မူဝါဒကို အတည်ပြုခြင်း ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့နှင့် မြန်မာစစ်တပ်ကို အပစ်ရပ်ရန် ကြားဝင်ညှိနှိုင်းပေးနေချိန်ဖြစ်သည့်အပြင် တရုတ်နှင့်စစ်ကောင်စီတို့ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းအတွက် သဘောတူညီချက်အသစ်များလက်မှတ်ထိုးသည့် အချိန်နှင့်လည်း တိုက်ဆိုင်နေသည့်အတွက် အချိန်ကိုက် ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရ ငြိမ်းချမ်းရေးအင်စတီကျု (USIP) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ဂျေဆင်တာဝါက သုံးသပ်ထားသည်။

ထိုထုတ်ပြန်ချက်နှင့် ပတ်သက်ပြီး တရုတ်နိုင်ငံအနေဖြင့် NUG ကို ထောက်ခံမှုရှိလာမည် မဟုတ်သည့်အပြင် မြန်မာ့နိုင်ငံရေးပြဿနာတွင် ဝင်ရောက်စွက်ဖက်မှု ရှိမည်မဟုတ်ကြောင်းနှင့် ထိုကြေညာချက်ကြောင့် အမေရိကန်နိုင်ငံရေးအသိုင်းအဝိုင်းတွင် မျက်နှာကောင်းရမှာ မဟုတ်ကြောင်း Stimson Center မှ ယွန်ဆန်က သုံးသပ်ထားသည်။

မြန်မာ့အရေး လေ့လာသုံးသပ်သူ ဒေးဗစ်မက်သီဆင်ကလည်း ထိုထုတ်ပြန်ချက်ကြောင့် တရုတ်ဘက်မှ ထူးခြားသည့် အပြောင်းအလဲဖြစ်လာမည်ဟုမထင်ကြောင်း၊ တရုတ်နှင့် အိမ်နီးချင်းနိုင်ငံများ အသိအမှတ်ပြုမှုအတွက် အရေးကြီးသည်မှာ NUG အနေဖြင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့များနှင့် တိုင်းရင်းသားအဖွဲ့အားလုံးနှင့်အတူ အလုပ်လုပ်ရန်လိုအပ်ကြောင်း သုံးသပ်ထားပါသည်။ [4]

3 https://www.rfa.org/burmese/news/online-money-scam-china-01052024044343.html
4 https://www.rfa.org/burmese/program_2/nug-china-statement-usip-01052024160801.html

> “မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်ကို မြန်မြန်ဆန်ဆန် ခန့်အပ်လိုက်ခြင်းသည် လာအိုက အာဆီယံ၏ မြန်မာ့အရေးသဘောတူညီချက် ၅ ချက် အကောင်အထည်ဖော်ရေးကို အလေးအနက်ထားကြောင်း ပြသလိုက်ခြင်းဖြစ်သည်”

မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုမရှိမချင်း စစ်ဘေးရှောင်များကို နေရပ်ပြန်ပို့မည် မဟုတ်ကြောင်း မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ် ပူးလားသုအောမ်မာက ဇန်နဝါရီလ ၆ ရက်က သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။ ဝန်ကြီးချုပ်သည် နယူးဒေလီမြို့ရှိ ဗဟိုအစိုးရ ဝန်ကြီးချုပ် ၊ ပြည်ထဲရေးဝန်ကြီး ၊ နိုင်ငံခြားရေးဝန်ကြီး အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဇန်နဝါရီလ ၄ ရက်တွင် တွေ့ဆုံခဲ့ပြီးနောက် စစ်ဘေးရှောင်များ၏ ဇီဝအချက်အလက်ကောက်ယူခြင်းနှင့် နယ်စပ်နယ်နမိတ် ခြံစည်းရိုးခတ်ခြင်း အကြောင်းများ ဆွေးနွေးခဲ့သည်။ ဇီဝအချက်အလက်ကောက်ယူခြင်းသည် နေရပ်သို့ ပြန်လည်ပို့ဆောင်ရန် မဟုတ်သဖြင့် စိုးရိမ်စရာမရှိကြောင်း၊ သို့သော် နယ်နမိတ်ခြံစည်းရိုးကာမည့် အခြေအနေနှင့်ပတ်သက်ပြီး ညီအစ်ကိုဖြစ်သော မီဇိုနှင့် ချင်းလူမျိုးများသည် ကူးလူးဆံဆက်မှု ရပ်တန့်သွားစေနိုင်သည့်အတွက် ရပ်သိမ်းသွားနိုင်ရန်မျှော်လင့်ကြောင်း ဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။ [5]

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်အဖြစ်ဝန်ကြီးချုပ်ရုံးဝန်ကြီးဟောင်းလည်းဖြစ်ပြီး လာအိုနိုင်ငံရဲ့ ကုလသမဂ္ဂဆိုင်ရာသံတမန်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အာလွန်ကဲအိုကစ်တီကွန်ကို လာအိုအစိုးရက ခန့်အပ်လိုက်သည်။ ၂၀၂၄ ခုနှစ်အတွင်း အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ ပထမဆုံးအကြိမ် အစည်းအဝေးကို လာအိုမြို့တော်ဟောင်း လွမ်ဘာရာဘမ်မြို့တွင် ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်ကို မြန်မြန်ဆန်ဆန် ခန့်အပ်လိုက်ခြင်းသည် လာအိုက အာဆီယံ၏ မြန်မာ့အရေးသဘောတူညီချက် ၅ ချက် အကောင်အထည်ဖော်ရေးကို အလေးအနက်ထားကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟု ထိုင်းနိုင်ငံရေးသမားတဦးက ပြောသည်။ လာအိုလက်ထက်တွင် အာဆီယံအဖွဲ့နှင့် ပတ်သက်ပြီး နယ်ပယ် ၉ ခုကို အဓိက ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဆယ်လွန်မ်ဆေက ပြောခဲ့သည်။ အဆိုပါ နယ်ပယ်ကိုးခုတွင် - စီးပွားရေးလုပ်ငန်း ချိတ်ဆက်ဖော်ဆောင်ရေး၊ အားလုံးပါဝင်ပြီး ရေရှည်အကျိုးဖြစ်ထွန်းမည့် အနာဂတ်ဖော်ဆောင်ရေး၊ ဒစ်ဂျစ်တယ်အနာဂတ်သို့ အသွင်ကူးပြောင်းရေး၊ အာဆီယံအသိုင်းအဝိုင်းအတွင်း မတူညီသည့် ယဉ်ကျေးမှုနှင့် အနုပညာများကို ရေရှည်တည်တံ့အောင် အားပေးရေး၊ အာဆီယံအသိုင်းအဝိုင်း၏ ၂၀၃၄ မျှော်မှန်းချက် ဖြစ်ပေါ်လာရေးအတွက် စီမံကိန်းများ ရေးဆွဲဖော်ဆောင်ရေးတို့ပါဝင်သည်။ [6]

5 https://bur.mizzima.com/2024/01/08/11559
6 https://burmese.dvb.no/post/633119

## မှတ်ချက် ။ ။

တစ်ပတ်အတွင်း
ဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
**Burma News International - BNI** ၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR